# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ကောင်စီ
# မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေ
## ၁၉၈၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၊
## ရန်ကုန်မြို့ ၁၃၄၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
## (၁၉၈၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

[ **ပြင်ဆင်:** 13.01.2005 ]

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေ**ဟုခေါ်တွင် စေရ မည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရ မည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ကိုဆိုသည်၊

(ခ) **နိုင်ငံခြားသား**ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-

(၁) မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူ၊

(၂) မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသားသို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအ ဖြစ်မှ ရုပ်စဲခြင်းခံရသူ၊ ရုပ်သိမ်းခြင်းခံရသူ၊

(ဂ) **နိုင်ငံခြားသားပိုင်ကုမ္ပဏီ** ဆိုသည်မှာ စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှုသည်နိုင်ငံသားများ၏ လက်ဝယ် တွင် မရှိသောကုမ္ပဏီ သို့မဟုတ် အစုစပ်အဖွဲ့အစည်း၊ နိုင်ငံသားများ၏ အစုရှယ်ယာအများစုမပါ သော ကုမ္ပဏီ သို့မဟုတ် အစုစပ်အဖွဲ့အစည်းကို ဆိုသည်၊

(ဃ) **မရွှေ့မပြောင်းနိုင်သော ပစ္စည်း** ဆိုသည်မှာ မြေ၊ မြေမှဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ ဆောက်လုပ်ထားသော သို့မဟုတ် တည်ရှိသော အဆောက်အအုံနှင့် အရာဝတ္ထုများ၊ ယင်းအဆောက်အ အုံ၌ တပ်ဆင်ထားသောအရာဝတ္ထုများကိုဆိုသည်၊

(င) **ပစ္စည်းလွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းနှင့် လဲလှယ်ခြင်း** ဆိုသည့်စကားရပ်များသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်၊

(စ) **ပေးကမ်းခြင်း** ဆိုရာတွင် လှူဒါန်းခြင်း သို့မဟုတ် ယုံကြည်အပ်နှံခြင်းတို့လည်း ပါဝင်သည်။

## အခန်း (၂)

## မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ ကန့်သတ်မှုများ

၃။ မည်သူမျှ နိုင်ငံခြားသားနှင့်ဖြစ်စေ၊ နိုင်ငံခြားသားပိုင် ကုမ္ပဏီနှင့် ဖြစ်စေမရွှေ့မပြောင်းနိုင်သောပစ္စည်း ကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကိုလက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည် ကိုလက်ခံခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့်လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်းမပြုရ။

၄။ မည်သည့်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီမျှ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကိုလက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကို လက်ခံခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်းမပြုရ။

၅။ မည်သူမျှ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်ကြိမ်လျှင်တစ်နှစ်ထက်ပို၍-

(က) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီအား အငှားချထားခြင်းမပြုရ၊

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီထံမှ ငှားရမ်းခြင်းမပြုရ။

၆။ နိုင်ငံခြားသားတစ်ဦး ကွယ်လွန်လျှင်ဖြစ်စေ၊ မည်သူမဆိုနိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားလျှင် ဖြစ်စေ၊ ပြည်နှင်ဒဏ်ချမှတ်ခြင်းခံရလျှင်ဖြစ်စေ ထိုသူပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက ကိစ္စရပ်တစ်ခုချင်းအလိုက် စိစစ်၍ လုပ်ထုံးလုပ်နည်းများ နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးခြင်း၊

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း။

၇။ ပုဒ်မ ၆ ပုဒ်မခွဲ (က) အရ သက်ဆိုင်ရာဝန်ကြီးဌာနက အမွေဆက်ခံခွင့် ပေးရန်ဆုံးဖြတ်လျှင် မရွှေ့မ ပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ မည်သူကအမွေဆက်ခံရမည်ကို အမွေဆက်ခံမည့်သူအချင်းချင်း သဘောတူညီချက်အရ သော်လည်းကောင်း၊ သက်ဆိုင်ရာ အမွေဆက်ခံမှုဥပဒေနှင့် အညီ တရားရုံး၏ ဆုံးဖြတ်ချက်အရ သော်လည်းကောင်းဖြစ်စေရမည်။

## အခန်း (၃)

## မှတ်ပုံတင်ခြင်း

၈။ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီသည်နိုင်ငံတော်အတွင်းရှိ မိမိပိုင်မရွှေ့မပြောင်းနိုင် သော ပစ္စည်းကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ထိုပစ္စည်းတည်ရှိရာဒေသနှင့် သက်ဆိုင်သည့် မြို့နယ်မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရမည်။

<ပြင်ဆင် 13.01.2005>

၉။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက နိုင်ငံတော်၏ပြင်ပတွင် ရောက်ရှိနေသော နိုင်ငံခြားသားသို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီက ပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ ယင်း၏ ကိုယ် စားဆောင်ရွက်သူသည်

အဆိုပါပစ္စည်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပစ္စည်းတည်ရှိရာဒေသနှင့် သက်ဆိုင်သည့် မြို့နယ်မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရမည်။

<ပြင်ဆင် 13.01.2005>

၁၀။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်ရန် ပျက်ကွက်မှုရှိ မရှိ၊ မှတ်ပုံတင်ရာတွင် မှန်ကန်မှု ရှိ မရှိ နှင့် ထိမ်ချန်မှု ရှိ မရှိတို့ကို သက်ဆိုင်သည့် မြို့နယ်မှတ်ပုံတင်အဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြရမည်။

<ပြင်ဆင် 13.01.2005>

## အခန်း (၄)
## ပြစ်ဒဏ်များ

၁၁။ မည်သူမဆို ပုဒ်မ၃ သို့မဟုတ် ပုဒ်မ ၄ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် သုံးနှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သည့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၂။ မည်သူမဆို ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အငှားချထားသည့် ကာလအတွက် သဘောတူထားသည့် ငှားရမ်းခ၏ သုံးဆထက်မနည်းသော ငွေဒဏ် ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၃။ ပုဒ်မ ၈ သို့မဟုတ် ၉ အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်ရန် တာဝန်ရှိသူ မည်သူမဆို မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် မှတ်ပုံတင်ရာ၌ တမင်မမှန်မကန်ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

<ပြင်ဆင် 13.01.2005>

## အခန်း (၅)
## အထွေထွေ

၁၄။ နိုင်ငံတော်နှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားမည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်နှင့်အကျိုးတူကိစ္စရပ်များအတွက် စာချုပ်ချုပ်ဆိုဖွဲ့ စည်းထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများနှင့် မသက်ဆိုင်စေရ။

၁၆။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရန် တင်ပြထား သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသောစာချုပ်စာတမ်းများကို မှတ်ပုံတင် ခွင့်ပြုသင့်မပြုသင့်နှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့ကတာဝန်ပေးအပ်သော ဝန်ကြီးဌာနသည် ကိစ္စရပ်တစ်ခု ချင်းအလိုက် စိစစ်ပြီးအဆုံးအဖြတ်ပေးရမည်။

၁၇။ ဤဥပဒေအရ ကျူးလွန်သောပြစ်မှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုရာ၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာ ဝန်ကြီးဌာနသည်-

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်၊

(ခ) လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၉။ အောက်ပါဥပဒေနှင့် နည်းဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်-

(က) The Transfer of Immoveable Property (Restriction) Act, 1947.

(ခ) The Transfer of Immoveable Property (Restriction) Rules, 1956.

(ပုံ) စန်းယု

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၄၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၁၉၈၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

အမိန့်အရ

(ပုံ) ဗိုလ်မှူးကြီး တင်လှိုင်

ညွှန်ကြားရေးမှူးချုပ်

နိုင်ငံတော်ကောင်စီရုံး

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်